

# ပုဂံခေတ်ယဉ်ကျေးမှု

ဦးသိမ်းမောင်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

# ပုဂံခေတ်ယဉ်ကျေးမှု

## ဦးသိမ်းမောင်

မြန်မာလူမျိုး ဖြစ်ပေါ်လာပုံမှ စ၍
မြန်မာရာဇဝင်နှင့် မြန်မာ့ယဉ်ကျေးမှု
မြန်မာ့ယဉ်ကျေးမှုနှင့်
ပုဂံခေတ်ယဉ်ကျေးမှုတို့ကို
အခြေခံကျကျ ချဉ်းကပ်လေ့လာ တင်ပြထားသည်။

HIS0017

1,800.00 KS

ပုဂံခေတ်ယဉ်ကျေးမှု၊ ဦးသိမ်းမောင်
စာမျက်နှာ ၁၅၇ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၄၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၅၆ ခွဲစာပေရိပ်မြုံ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# ပုဂံခေတ်ယဉ်ကျေးမှု

ဦးသိမ်းမောင်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| (က) | နိဒါန်း | ၃ |
| (ခ) | ယဉ်ကျေးမှု | ၄ |
| (ဂ) | ပန်ကြားလွှာ | ၅ |
| (ဃ) | ပုဂံခေတ်ယဉ်ကျေးမှု ခာတ်ပုံများ မြန်မာလူမျိုး ဖြစ်ပေါ်လာပုံ | ၇ |
| ၁။ | ကြိယ်ကြာကြီ ၁ | ၁၄ |
| ၂။ | ဗူးစေတီနှင့် ပုဂံပြည် | ၂၂ |
| ၃။ | တံခါး ၁၂ ပေါက်နှင့် | ၃၁ |
| ၄။ | ဝေဠုဝတီ လှဒေဝီကြောင့် | ၄၀ |
| ၅။ | ကျောက်ကူး ဥမင်သို့ | ၄၇ |
| ၆။ | ပုဂံခေတ် ဆံထုံးနည်း | ၅၄ |
| ၇။ | မနူဟာကျေးရူး | ၆၂ |
| ၈။ | နိုင်ငံခြား အငွေ့အသက် | ၇၀ |
| ၉။ | ရာဟုလာ၏ ချစ်ကိစ္စ | ၇၉ |
| ၁၀။ | စဥ့်ကွင်းကျောက်ရုပ် မည်သူလုပ် | ၈၇ |
| ၁၁။ | နတ်လှောင်ကျောင်း | ၉၇ |
| ၁၂။ | မြန်မာအကနှရာသမိုင်း | ၁၀၆ |


mgyoe.com

mgyoe.com



၁၃။ ဘုရားကျွန် ဆိုသည်ကား ၁၁၈
၁၄။ ရုပ်ပွားဆင်းတု အစ ၁၂၆
၁၅။ ဉာဏ်ကစား ကြည့်လျှင် ၁၃၄
၁၆။ မာရှယ်၏ ပုဂံနေပြည်တော် ၁၄၄
၁၇။ နောက်ဆက်တွဲ ၁၄၉
နိဂုံး ၁၅၆

mgyoe.com

mgyoe.com

# နိဒါန်း

၁။ ကျွန်ုပ်တို့သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန် စရိုက်ကြမ်းလျက် ကျန်ရစ်နေကြသော အမျိုးသားတို့အား နူးညံ့သိမ်မွေ့သော ဗုဒ္ဓဘာသာ စိတ်ဓာတ် အနည်းငယ်မျှပင် ဖြစ်စေ ပြန်လည် ကိန်းအောင်းလာနိုင်ပါရန် ရည်သန်ပြီး ပုဂံခေတ် အရည်းကြီး သာသနာကို တော်လှန်၍ ထေရဝါဒ ဗုဒ္ဓသာသနာ ထူထောင်ခဲ့ပုံ ရာဇဝင်ဝတ္ထု တစ်ပုဒ် "ပန်တော်ဦး" အမည်ဖြင့် ပြုလုပ်ရေးသားခဲ့သည်။

၂။ မြန်မာနိုင်ငံတော် သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီးသည့် နောက်တွင်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် တည်တံ့ ခိုင်မြဲရေးသို့ ရှေးရှုသောအားဖြင့် ပုဂံခေတ် သုခမိန် သူရဲကောင်း အမတ်ကြီး "ရာဇသင်္ကြံ" အတ္ထုပ္ပတ္တိကောင်းကို ဝတ္ထုကြောင်း သဖွယ် လူငယ်များ ဖတ်ရှု လူကြီးများလည်း သတိပြုနိုင်ကြရန် ရေးသားခဲ့ပြန်သည်။

၃။ ယခုတစ်ဖန် ပုဂံခေတ်ယဉ်ကျေးမှု အရေးအရာတွင် မိမိ သိသမျှ၊ မြင်သမျှကို မသိ မမြင်ကြရသေးသူတို့အား မိမိကဲ့သို့ သိကြ မြင်ကြပါစေခြင်း အကျိုးငှာ သစ္စာစေတနာ သန့်ကြည်စွာဖြင့် ဓမ္မာနုဂ္ဂဟ အမျှဝေလိုက်ရပြန်သည် ဖြစ်ကြောင်း နိဒါန်းစကား ရေးသားအပ်ပါသတည်း။

mgyoe.com

mgyoe.com

# ယဉ်ကျေးမှု

ယဉ်ကျေးမှု ဟူသော ဝေါဟာရ စကားတစ်လုံး၏ အဓိပ္ပာယ်ကို မြန်မာ့အလိုအရ ဖော်ပြရသော် စိတ်နေသဘောထား အပါအဝင် ကိုယ်အမူအရာ သိမ်မွေ့ခြင်း၊ နူးညံ့ခြင်းတို့နှင့် တွဲဝင်ယှက်စပ်လျက် ရှိသော ယဉ်ကျေးခြင်းပင် ဖြစ်သည်။

အင်္ဂလိပ်ဘာသာ ဝေါဟာရ (CULTURE) ကားလချာ၊ (CIVILISATION) ဆဗလိုင်းဇေးရှင်း တို့ကိုလည်း မြန်မာဘာသာအားဖြင့် ယဉ်ကျေးမှု ယဉ်ကျေးခြင်း ဟူ၍ပင် ဘာသာပြန်ဆို သုံးစွဲလျက်ရှိကြသည်။

မြန်မာဝေါဟာရ အင်္ဂလိပ်ဝေါဟာရ အဓိပ္ပာယ် အယူအဆသဘောမှာ ကွာခြားတန်သမျှ ကွာခြားနေပေသည်။ ၁–ဘာသာတရား အဆုံးအမကို အခြေခံသော မြန်မာ့အယူအဆ ယဉ်ကျေးမှုနှင့် ၂–ခေတ် တိုးတက်လာခြင်းတွင် အတူယှဉ်ကပ်ပါလာသော အနောက်နိုင်ငံသားတို့၏ ယဉ်ကျေးမှု အယူအဆတို့မှာ ကွာခြားတန်သမျှ ကွာခြားသည်ဟု ဆိုနိုင်စေကာမူ (က) စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ အဖြာဖြာ တိုးတက်လာခြင်း၊ (ခ) ဉာဏ်ပညာ အမြော်အမြင် ဗဟုသုတ ရင့်ကျက်လာခြင်းနှင့်တကွ နေထိုင်ပြောဆို ကျင့်ကြံ ဆက်ဆံမှုရေးရာ အဖြာဖြာ တိုးတက်လာခြင်း၊ (ဂ) ရုပ်နာမ်နှစ်ဖြာ သက်ဆိုင်ရာရာ တိုးတက်လာခြင်းသည်ပင် ခေတ်သုံး အဓိပ္ပာယ်အရ ယဉ်ကျေးမှု အကျုံးဝင်နေသည်ဟု ဆိုရမည့်ပြင် ၂ အချက်တွင် မြန်မာ့အလို ယဉ်ကျေးမှုလည်း ဝင်ရောက်ပတ်သက်နေပြီဟု ဆိုနိုင်ခွင့် ရှိပေသည်ဟူလို။

mgyoe.com

mgyoe.com

# ပန်ကြားလွှာ

၁–ပုဂံခေတ်၊ ၂–ယဉ်ကျေးမှု၊ ဤဝေါဟာရ နှစ်လုံးမျှဖြင့် အတိုချုံး ပြထားသော ပုဂံခေတ် ယဉ်ကျေးမှုသည်ကား ဝါကျ တိုတောင်းသည်နှင့်အမျှ အကြောင်းအရာ အဓိပ္ပာယ် ကျယ်ဝန်း များပြောင်လွန်းသော ယဉ်ကျေးမှုရေးရာကို စာမျက်နှာ အနည်းငယ်သာလျှင် ပါဝင်သည့် ဤစာအုပ်တွင် ဟိုတစ်ကွက် သည်တစ်ကွက် တို့ကာ ပင့်ကာမျှဖြင့် အကျဉ်းသခ်ေပ ရေးရစေကာမူလည်း အကြောင်းအရာ စုံလင်စွာ ပါရှိကောင်းမှ ပါရှိပေလိမ့်မည်ဟု စာရှုသူ ရှင်လူရဟန်းတို့အား တင်ကြို ပန်ကြားအပ်တော့သည်။

ကျွန်ုပ်တို့ ဤစာအုပ် စီရင်ပြုလုပ်ခြင်း၏ ရည်သံရင်း အကြောင်းတစ်ရပ်မှာ စာဖတ် ပရိသတ်အား ပုဂံသွား၍ ဘုရားဖူးခြင်းစိတ်ဆန္ဒ ဖြစ်ပေါ်လာရန် နှိုးဆွပေးရာ ရောက်စေလျက် ပထမအကြိမ် မြန်မာ့ယဉ်ကျေးမှု အထွတ်အထိပ် ရောက်ခဲ့ပုံကို အာရုံပြုကာ ရာဇဝင်နှင့် ယဉ်ကျေးမှုအမြင်ဉာဏ် ပွားများ ရင့်သန်လာနိုင်မည့် သဲလွန်စ ပြဆိုလိုရင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် အများပြည်သူ လူထုအား စာရေးသူ ကိုယ်တိုင် မြင်တွေ့ ကြားသိ လေ့လာခဲ့ရသမျှကို ဗဟုသုတ ဝေငှရင်း စဉ်းစားဝေဖန်ဉာဏ် မည်သို့ ကြံဆရကြောင်း သဲလွန်စပြလျက် ရှေးပုဂံပြည်ဘက်သို့ ဘုရားဖူး ထွက်နိုင်ကြရန်ဆန္ဒ နှိုးဆွပေးခြင်းသာလျှင် ရည်သံရင်း အမှန်ဖြစ်တော့သည်။ သို့ဖြစ်ရကား စာအုပ်ပါ အကြောင်းအရာများကို စာရှုသူ ပြည်သူလူထုက ကျိုးကြောင်းဆက်စပ် ဝေဖန်ဉာဏ်

mgyoe.com

mgyoe.com


ဖြင့် ဖတ်လျက် ပျော်ပျော်ရွှင်ရွှင် ဖတ်ရှုသွားကြရလျှင်ပင် ကျွန်ုပ်တို့အဖို့ စာအုပ်ရေးရကျိုး နပ်ပါပေပြီဟု ယူဆ ဝမ်းမြောက်ရပေတော့မည်။

ဤသို့သော ရည်သံရင်း စေတနာကောင်းဖြင့် ရာဇဝင်နှင့် ယဉ်ကျေးမှု အကြောင်းများကို စာရှုသူအပေါင်းတို့ စိတ်အာရုံ မငြောင်းစေရန် အကွက်ပြောင်းလျက် စာတစ်ကြောင်းပြီး တစ်ကြောင်း ဆက်လက် ဖတ်ရှုသွားချင်စိတ် ပေါက်လာစေမည့် အစီအစဉ်အရ ရေးပုံရေးနည်း ဟန်တစ်မျိုးဖြင့် ကြိုးစား၍ အများဆန္ဒ နှိုးဆွလိုက်သော ဤစာအုပ်တွင် အကြင်သို့သော သဘာဝယုတ္တိ ကင်းပုံရသည့် ယူဆရေးသားချက် တစ်ကွက်တလေ အကယ်၍များ ရှုမြင်တော်မူကြရပါလျှင် စာဖတ် ပရိသတ် အကျိုးငှာ ပညာအလှူ ကူပံ့သောအားဖြင့် ရိုင်းပင်း ညွှန်ကြားပေးတော်မူကြပါရန် ပညာရှိထိပ်သီး ကဝိကြီးများအားလည်း လေးစားမြတ်နိုးစွာ တိုးလျှိုးတောင်းပန်ဝံ့ကြောင်းပါ ခင်ဗျား။

mgyoe.com

mgyoe.com

# ပုဂံခေတ် ယဉ်ကျေးမှု

## မြန်မာလူမျိုး ဖြစ်ပေါ်လာပုံ

"မြန်မာအစ တကောင်းက" ဟူသော စကားတစ်ရပ်ကို အစဉ်အလာအားဖြင့် ကျွန်ုပ်တို့ မြန်မာလူမျိုးများ ပြောဆိုသုံးနှုန်းခဲ့ကြသည်။ သို့သော် ပထမ တကောင်းပြည် ဒုတိယ တကောင်းပြည် တည်ထောင်နေထိုင်ကြစဉ်က ရှိနေခဲ့ကြသော အမျိုးသားများသည်ကား မြန်မာလူမျိုးများ မဟုတ်ကြောင်း၊ ဤ ပုဂံခေတ် ယဉ်ကျေးမှု စာအုပ် မဖတ်ရှုမီပင် တင်ကြို သိရှိထားနှင့်ကြရန် လိုအပ်လှသည်ဟု ထင်မြင်သဘော ရရှိပေသည်။

ပထမ တကောင်းပြည်ကို တည်ထောင် နေထိုင်လာကြသူတို့သည် အိန္ဒိယနိုင်ငံကြီးမှ ရေကြည်ရာ မြက်နုရာ ရန်သူတို့နှင့် အလှမ်းဝေးရာ ဒေသကို ရှာဖွေ နေထိုင်လာကြသူ အိန္ဒိယတိုင်းသားများသာ ဖြစ်လေသည်။ ဒုတိယ တကောင်းပြည်ကို တည်ထောင် နေထိုင်လာကြသူများလည်း ပထမ တကောင်းပြည်ကို တည်ထောင် နေထိုင်လာကြသူများ၏ ရည်ရွယ်ချက်အတိုင်းပင် ဖြစ်လေသည်။ ထိုသို့ တိုင်းသစ်ပြည်သစ် တည်ထောင်စိုးစံ နေကြသူတို့မှာ မြန်မာပြည်ပမှ လာကြသော အိန္ဒိယတိုင်းသား လူမျိုးခြားများ ဖြစ်၍ အအုပ်ချုပ်ခံ ပြည်သူလူထုမှာ မြန်မာလူမျိုး မဟုတ်သေးသော ပင်ရင်းနေ ရှေးဦး မြန်မာပြည်သားများသာ ဖြစ်လေသည်။

mgyoe.com

တကောင်းပြည် မတည်ထောင်မီ သို့မဟုတ် တည်ထောင်ချိန် အခါလောက်က မြန်မာပြည်နေ ရှေးဦး တိုင်းရင်းသားများသည် ယခု ပြည်ထောင်စုခေတ်၌ ရှိနေကြသော *ဗမာ (ဝါ) ပြည်ထောင်စုသားဟု ခေါ်ဆိုရသည့် လူမျိုးစုများလည်း ဟုတ်ဟန်မတူချေ။

အရှေ့အနောက် ခေတ်မီ ရာဇဝင် ပညာရှင်များကလည်း မြန်မာ ပြည်၏ ရှေးဦး တိုင်းရင်းသားများသည် အင်္ဂလိပ် အသံထွက်ဖြင့် အမ် ဒမန် ကျွန်းဟု ခေါ်ဆိုကြသော ကပ္ပလီကျွန်းရှိ ပင်ရင်းသားများနှင့် အနွယ်စပ်သော တစ်နည်း ကပ္ပလီကျွန်းသားများနှင့် လူမျိုး ညီအစ်ကို တော်သော လူမျိုးများဖြစ်သည်ဟု ယူဆကြလေသည်။

မြောက်မှ တောင်သို့ စီးဆင်းကုန်သော ဧရာဝတီ သံလွင် ချင်းတွင်း စသော မြစ်ကြီးများသည် ရေကြည်ရာ မြက်နုရာ ရှာဖွေနေကြသူတို့ အား မြန်မာပြည်တွင်းသို့ လာရောက်နေထိုင်ကြရန် မျက်နှာချိုသွေး လျက် ဖိတ်ခေါ်ဘိသကဲ့သို့ ရှိနေလေသည်။ ထို့ကြောင့် ရာသီဥတုနှင့် တကွ ရေမြေ သြဇာ ကောင်းလှသော အဆိုပါမြစ်ကြီးများ၏ မြစ်ဝှမ်း ဒေသများသို့ တရုတ် တိဗက်ပြည်တို့ဘက်မှ လည်းကောင်း၊ အိန္ဒိယ ပြည်ဘက်မှ လည်းကောင်း လူမျိုးစု အစားစားသည် အများအပြားပင် တစ်စတစ်စ ဝင်ရောက် နေထိုင်လာကြတော့သည်ဟု ဆိုနိုင်ခြေသည်။

လူနေပါးလွန်းလှသော မြန်မာပြည်ကလေးသည် လူဦးရေ အဆ မတန် များပြားလှသော တရုတ်ပြည်ကြီးနှင့် အိန္ဒိယပြည်ကြီး စပ်ကြား တွင် ညှပ်လျက် တည်ရှိနေကြောင်း အများအသိပင် ဖြစ်လေသည်။ သို့ ဖြစ်ရာ ဗမာများ၏ ယဉ်ကျေးမှုသည် တရုတ်ပြည်၊ အိန္ဒိယပြည်တို့မှ ဝင်လာသူတို့၏ ယဉ်ကျေးမှုအရိပ်ကို ခိုလှုံ ထွားကျိုင်းလာပြီးမှ နှစ်

---

* ဤ (မြန်မာလူမျိုး ဖြစ်ပေါ်လာပုံ) အကြောင်းကို ဖတ်ရှုကြရာ၌ (ဗမာ) သည် အင်္ဂလိပ်ဘာသာအားဖြင့် BURMA ဘားမားဟု ခေါ်သော မြန်မာနိုင်ငံ၌ တိုင်းသူ ပြည်သားအဖြစ် နေထိုင်ကြသူ လူမျိုးအားလုံး အကျုံးဝင်ကြောင်း သတိပြုကြပါရန်။

mgyoe.com

ပရိစ္ဆေဒ ကြာညောင်းလွန်းသောအခါ တသီးတခြား ဗမာ့ယဉ်ကျေးမှု ထွန်းကားလာရသည်ဟု ဆင်ခြင်သော် မလျော်ကန်ကြောင်းနှင့် သောင်း သောင်းဖြဖြ ကန့်ကွက်ကြလိမ့်မည် မထင်ချေ၊ (ဝါ) မမျှော်လင့်ချေ။

လူမျိုးရေး သမိုင်းဆရာကြီးတို့၏ အခေါ်အဝေါ် အယူအဆအား ဖြင့် တိဗက်မြန်မာအနွယ် မွန်ခမာအနွယ် လူမျိုးစုများ တစ်သုတ်ပြီး တစ်သုတ် ဝင်လာကြရာ မူလရှိနေသော ပင်ရင်းလူမျိုးများသည်လည်း ယှဉ်ပြိုင်နေထိုင်စွမ်းအား ရှိကြဟန်မတူသောကြောင့် တဖြည်းဖြည်း တရွေ့ရွေ့ တောင်ဘက်ဆီသို့သာ နေရာရွှေ့ပြောင်း သွားနေကြရလေ သည်။ နှစ်ပေါင်း ရာထောင် ကြာညောင်းလာသောအခါ ပင်ရင်းလူမျိုး များသည် မြန်မာပြည်၏အပ တောင်ဘက်ရှိ ရေခြားမြေခြား ဝေးကွာရာ ဒေသများသို့ ရောက်သွားကြရလေသည်ဟု ဆိုကြသည်။

မြန်မာပြည်တွင်းသို့ ဝင်လာကြသော တိဗက်မြန်မာအနွယ် လူမျိုး စုများ၊ မွန်ခမာအနွယ် လူမျိုးစုများသည်လည်း မောင်းဂွတ်လူမျိုးစုမှ ဆင်းသက်လာကြသူများဟု ယူဆကြသည်။ ထိုင်း အမျိုးအဆက်များ လည်း ဝင်လာကြသေးသည်။ တိဗက် မြန်မာအနွယ်ဝင် လူမျိုးစုတို့၏ အစဉ်အလာ အမည်များမှာ ပျူ-ကမ်းရန်နှင့် သက်များ ဖြစ်လေသည်။ သက်သည် ချင်းလူမျိုး ဖြစ်သွားဟန်တူ၍ ပျူလူမျိုးမှာမူ မြန်မာလူမျိုး ဖြစ်လာသော လူမျိုးအတွင်းသို့ ရောနှော အကျုံးဝင် ကွယ်ပျောက်သွား ရလေသည်ဟု လူမျိုးရေး သမိုင်းဆရာကြီးတို့က ယူဆကြလေသည်။ ရှေးမြန်မာစာပေ အရေးအသားတို့တွင် ပါရှိသော အချက်အလက်များ အရလည်း မြန်မာကို ပျူဟု ခေါ်ဆို ရေးသားကြပုံ သဘောသွားများ ထင်ရှားနေသည်။ ထိုင်း အမျိုးဆက်အချို့ကား ရှမ်းပြည်တွင် ကျန်ရစ် တည်တံ့လျက် ရှိနေလေသည်။

သရေခေတ္တရာပြည်နှင့် မရှေးမနှောင်းပင် ပျူလူမျိုးများ ကွယ် ပျောက်သွားရာတွင် တိုင်းသစ်ပြည်သစ် ပုဂံပြည်ကို တည်ထောင်ပြီး

mgyoe.com

mgyoe.com

သောအခါ တစ်စတစ်စ တိုးတက် ပွားများလာလေသည်။ ထိုသီးခြား လူမျိုးသစ်သည်ကား မြန်မာလူမျိုးပင် ဖြစ်တော့သည်။ ထို့ကြောင့် "မြန်မာ အစ ပုဂံက" ဟူသော ဆောင်ပုဒ်အသစ်ကို ကျွန်ုပ်တို့သည် "မြန်မာအစ တကောင်းက" ဟူသော ဆောင်ပုဒ် နေရာတွင် အစားထိုး အသုံးပြုရန် ပိုမို နှစ်သက်မိလေသည်။

မြန်မာရာဇဝင်ကျမ်းပြုဆရာ မစ္စတာ ဟာဗေးက မြန်မာများသည် မောင်းဂွတ်လူမျိုး တစ်နွယ် ဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ အစဉ်အလာ များသည် တရုတ် သို့မဟုတ် တိဗက်နှင့် မဆိုင်ဘဲ အိန္ဒိယနှင့်သာ စပ် ယှက်နေသည်။ မြန်မာများ၏ ရာဇဝင်ရှေ့ပိုင်းတွင် ၎င်းတို့သည် ဗုဒ္ဓ၏ မျိုးရိုးလူမျိုးစုမှ ဆင်းသက်ပေါက်ဖွားလာကြသူများ ဖြစ်ကြောင်း ဖော် ပြထားသည်ကို ဖတ်ရှုရသည်။ ဒဏ္ဍာရီပုံပြင်များပင်လျှင် များသောအား ဖြင့် ဟိန္ဒူ ဒဏ္ဍာရီပုံပြင်များ ဖြစ်နေလေသည် စသဖြင့် သူ၏ မြန်မာ ရာဇဝင်စာအုပ်တွင် ရေးသားထားလေသည်။

ရန်ကုန်တက္ကသိုလ်တွင် ရာဇဝင် ပါမောက္ခအဖြစ် အမှုထမ်းဆောင် သွားဖူးသော ပရော်ဖက်ဆာဒေဖိုင်းကလည်း မြန်မာပြည်နှင့် အိန္ဒိယ ပြည် အမည်ရှိ စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားသည်များ ကို ကျွန်ုပ်တို့ ဖတ်ရှုရပြန်သည်။

"မြန်မာလူမျိုးသည် အိန္ဒိယလူမျိုးလည်း မဟုတ်၊ တရုတ်လူမျိုး လည်း မဟုတ်ချေ၊ သူတို့သည် နှစ်ပေါင်း တစ်ထောင်ကျော်မျှ အတွင်း တွင် တိုးတက်မှုဖြင့် တသီးတခြား ဖြစ်ထွန်း ပေါ်ထွက်လာသော လူမျိုး တစ်မျိုး ဖြစ်လေသည်။ ထိုနှစ်ပရိစ္ဆေဒ အတွင်း သူတို့၏ ကိုယ်ပိုင်ဉာဏ် ဖြင့် နိုင်ငံရေးစနစ် ပေါင်းသင်းဆက်ဆံရေးစနစ်ကို တီထွင် ဖန်တီးခဲ့ ကြလေသည်။ တရုတ် အိန္ဒိယ အထူးသဖြင့် အိန္ဒိယ၏ ယဉ်ကျေးမှု အရိပ်အာဝါသကို ခိုလှုံရစေကာမူ သူတို့၏ ကိုယ်ပိုင် ဘာသာစကား


mgyoe.com

mgyoe.com




အာနန္ဒာလိုဏ်ဂူအတွင်းရှိ
ရှင်အရဟံကိုယ်တော်မြတ်ကြီး၏ ကျောက်ရုပ်လုံးပုံတော်

mgyoe.com



တောင်သူကြီးမင်းကောင်းမှုဟုဆိုသော ပုထိုးသားများ

mgyoe.com
mgyoe.com



ဂွံၜဒှ်ကြးဂှ် ဂၠုင်လေဇှ်ကြၚ်ဇဝ်လွဝ် ငွ်ပင်ဂဝ်ဖေဒးဂှ် ဍုန်းဍုလဓေနှ်ဝေဝ်မှ်လဝ်

mgyoe.com



ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကို ကူးယူတည်ဆောက်ထားသော
ထီးလိုမင်းလို၏ ကောင်းမှုတော် ပုဂံဗောဓိစေတီ


mgyoe.com



သရပါတံခါးဟုခေါ်သော သဗ္ဗရန်ကာတံခါးပေါက်ကို နတ်နန်းအုတ်ဂူနှစ်လုံးနှင့် ယနေ့တိုင် တွေ့ရသည်။

mgyoe.com
mgyoe.com

mgyoe.com



တုရင်တောင်တန်းကို သဗ္ဗညုစေတီပေါ်မှ လှမ်းမျှော်ရှုမြင်ရပုံ။

တုရင်တောင်တန်းအရှေ့ဘက်သည် ယုန်လွှတ်ကျွန်းခေါ် တောကြီးတည်ရှိခဲ့ဖူးရာ ဒေသဖြစ်သည်။ မြင်ရသောစေတီမှာ ပုဂံတွင် ထုထည်အကြီးဆုံးသော ဓမ္မရံကြီးဖြစ်သည်။

mgyoe.com


mgyoe.com



ငှက်ပစ်တောင်ရှိ ပုဂံသမိုင်းဝင်ငှက်ကြီးပုံသဏ္ဌာန်ကို
ခေတ်ပန်းရန်ဆရာတို့က ဤသို့ဖန်ဆင်းထားသည်။

mgyoe.com

mgyoe.com



သထုံမှ ပင့်ဆောင်ခဲ့သော ပိဋကတ်တော်များထားရှိရာ ပိဋကတ်တိုက်

mgyoe.com




ရွှေစည်းခုံအထက်ပစ္စယာမှ တုရင်တောင်သို့ လှမ်းမျှော်ကြည့်လိုက်သော်

mgyoe.com
mgyoe.com



ကချေသည်များပါသော ရွှေဖက်လိပ်စေတီမှ အုတ်ခွက်တစ်ခု

mgyoe.com
mgyoe.com




အဆောက်အဦကြီးမှာ ဟိန္ဒူတို့၏ နတ်လှောင်ကျောင်းဖြစ်သည်။

mgyoe.com
mgyoe.com




ရှေး ပျူနေပြည်တော်ဖြစ်ခဲ့သော ဟင်းလင်းကြီးမြို့ (ရွှေဘိုအနီး)မှ လွန်ခဲ့သော ၃၃ နှစ်က
တူးဖော်ရရှိသည့် ကျောက်တုံးတွင် ထွင်းထုပါရှိသော အရုပ်များသည်
ပျူလူမျိုးများပုံဖြစ်ကြောင်း ယူဆရသည်။

mgyoe.com
mgyoe.com



ပုဂံရွှေဆံတော်ဘုရားအနီးမှ တူးဖော်ရရှိသော အုတ်ချပ်။ အုတ်ချပ်တွင် မြန်မာအက္ခရာ
အရေးအသားပါရှိသည်။ မည်သည့်မင်းလက်ထက်က လက်ရေးစာဖြစ်၍
မည်သို့အဓိပ္ပာယ်ရှိသည်ကို ကွဲကွဲပြားပြား မသိကြရသေး။

mgyoe.com
mgyoe.com




ကုန်းတော်ကြီးအပြင်နံရံတွင် အင်္ဂတေဖြင့် ပြုလုပ်မွမ်းမံထားသော ပန်းကိုက်ဘီလူး

mgyoe.com
mgyoe.com




ကုန်းတော်ကြီးမှ ရွှေသပိတ်ဘုရားကို ဧရာဝတီမြစ်နှင့်တကွ ဤသို့ လှမ်းမျှော်ရှုမြင်ရသည်။

mgyoe.com
mgyoe.com




ရှေးရှေးမြန်မာ ပန်းချီဆရာများ၏ ပုဂံခေတ် အနုစိတ်ရာဖြစ်သော နံရံဆေးရေးပုံများ

mgyoe.com
mgyoe.com




တရားကျင့်ရာ ဥမင်များရှိသော ကျောက်ကူး ဥမင်အဝင် ဘုရားကျောင်း

mgyoe.com
mgyoe.com




ဂွင်းဂွယ်နှန်းဃြဲ ငွိလင်မွံဗဂ္ဂမှာဒေါဝ်ကျှင့်




ဟာမင်းမြစ်တော် နာဂသမန်းခေါ် အနန္တသူရိယအမတ်ကောင်းမှု နန်းဘုရား

mgyoe.com
mgyoe.com




ငါးဆင် (ရှေ့) ပုံနှင့် မြွေရုပ် (နောက်ပုံ) စဉ့်ကွင်း

mgyoe.com
mgyoe.com



အတွင်းဘက်၌ နံရံဆေးရေးရုပ်များဖြင့် မွမ်းမံခြယ်လှယ်ထားသော ဥပါလိသိမ်တော်

mgyoe.com
mgyoe.com



မဟာရံတံတိုင်းအပြင်ဘက်မှ အာနန္ဒာစေတီကို
မုခ်ဦးစေတီ-အုတ်စောင်းတန်းနှင့်တကွ ဤသို့ဖူးမြင်ရသည်။


mgyoe.com
mgyoe.com



သီဟိုဠ်ပြန် ဆပဒထေရ် ကြပ်မတ်တည်ဆောက်ခဲ့သော ဆပဒစေတီ

mgyoe.com
mgyoe.com

mgyoe.com



မင်းမဟာဂီရိ နတ်မောင်နှမရုပ် ထုလုပ်ရာမှ ကြွင်းကျန်နေသည်ဆိုသော စံကားတုံးကြီး

mgyoe.com

နှ်ဂလယေဒ ၚဝေဒပုဂ် ဂ္ဗိုဟ်ဗ္ဒေါဝ်ဒေါပ်ဂှ် ပ္ဂိုဟ်ဂ္ဍဝ်ဒေါဝ်ဍုင်ဂှ်ဂ္ကေါဝ်ပ္ဍဲလဵု ဍိုင်ဒှ်ဂ္ဂ-ပုဂ်



mgyoe.com



အာနန္ဒာလိုဏ်ဂူအတွင်းရှိ ဖြစ်တော်ပေါင်းစုံ ကျောက်ရုပ်လုံးများအနက်
အလောင်းတော်ဖွားခန်း ကျောက်ရုပ်လုံး

mgyoe.com



တရုတ်လက်ရာဖြစ်သော တရုတ်ဗိုက်ပူဘုရားဟု ခေါ်ကြသည့်
ဘုရားရုပ်တုတော်

mgyoe.com



တရုတ်တို့ဖျက်ဆီးခဲ့သည့် ပုဂံပြည်မှ တူးဖော်ရသည့်
တရုတ်စစ်ဗိုလ်ကြေးရုပ်

mgyoe.com


mgyoe.com



မန္တလေးမင်း၏အနွယ်တော် ပုဂံမင်းသားကြီးတစ်ဦးအား
လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ပုဂံမြို့တွင်ပင် တွေ့မြင်ရသေးသည်

mgyoe.com

mgyoe.com



တရုတ်စစ်ကြောင့် ပျက်သွားရသော ပုဂံမှ တူးဖော်ရရှိသည့်
တရုတ်အက္ခရာရေး ကျောက်စာ

mgyoe.com

mgyoe.com



နန်းဘုရားအတွင်းရှိ ဦးခေါင်းသုံးလုံးနှင့် ကျောက်ပြားရုပ်

mgyoe.com

mgyoe.com



ကြေးနဂါးလှုင် မင်္ဂလာစေတီအနီးမှ တူးဖော်ရရှိသော ကြေးသွန်းရုပ်လုံး

mgyoe.com

mgyoe.com



အလောင်းတော်ဖွားခန်း နံရံရေးရုပ် (အဝတ်တန်ဆာနှင့် ဆင်ယင်ထုံးဖွဲ့မှု လေ့လာနိုင်ရန် နန္ဒမညာဘုရားအတွင်းရှိပုံကို ပုံတူကူးဆွဲပြလိုက်သည်။)

mgyoe.com

mgyoe.com



လက်ရာကောင်း အုတ်ခွက်အရုပ်များရှိသော
ဖက်လိပ်စေတီနှစ်ဆူအနက် တစ်ဆူ

mgyoe.com

mgyoe.com



မြောက်ဘက်စောင်းတန်းမှဝင်ရသော အာနန္ဒာဘုရားလိုဏ်အတွင်း
ဉာဏ်တော် ၁၈ တောင်ရှိ မူလရုပ်ပွားတော်ကြီးကို
ဤသို့ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

mgyoe.com


mgyoe.com



စဉ့်ကွင်းပေါင်းတစ်ထောင်ကျော်ဖြင့် မွမ်းမံထားသော
အာနန္ဒာစေတီအပြင်ဘက်နံရံရှိ ကုလားအုတ်အရုပ်ပါသော စဉ့်ကွင်း

mgyoe.com

mgyoe.com



သဗ္ဗညုအောက်ထပ်မှ အတွင်းဘက်နံရံကို ထွင်းဖောက်ဆောက်လုပ်
ထားသော စောင်းတန်းလှေကားကို ဒုတိယထပ်မှကြည့်လျှင်
ဤသို့မြင်ရသည်။

mgyoe.com

mgyoe.com



ဂဠုန်ရုပ်ခံပလ္လင်နှင့် ဟိန္ဒူတို့၏ ဗိဿနိုးနတ်ဘုရားကျောက်ရုပ်
ပထမကမ္ဘာစစ် (၁၉၁၄) မဖြစ်မီကပင် ဂျာမနီပြည်၊ ဘာလင်မြို့
ပြတိုက်ကြီးသို့ ရောက်နေသည်။

mgyoe.com

mgyoe.com



မနူဟာဘုရားကျောင်းအတွင်း ဂန္ဓကုဋိတိုက်နှင့်
အပြည့်အကျယ် စံနေတော်မူသော ရုပ်ပွားတော်ကြီး

mgyoe.com

mgyoe.com



လှလည်းလှ၊ အလင်းရောင်ရစေသော ကျောက်အင်္ဂတေတို့ဖြင့်
ဖန်ဆင်းထားသည့် နန်းဘုရားပြတင်း

mgyoe.com

mgyoe.com



နန်းဘုရားအတွင်း ထုလုပ်မွမ်းမံထားသော
ကျောက်ခက်ကျောက်ပန်းများ အနက် ကြည့်ကွက်တစ်ကွက်

mgyoe.com


mgyoe.com



တရုတ်အန္တရာယ်ကြောင့် ပုဂံမပျက်မီ ဘုရားတည်သောခေတ်ကို
နိဂုံးချုပ်လိုက်သည့် နောက်ဆုံးတည်သွားသော တရုတ်ပြေးမင်း၏
ကောင်းမှုမင်္ဂလာစေတီတော်။ ဤစေတီကို ဤနေရာ၌ အဘယ့်ကြောင့်
တည်ထားကိုးကွယ်ခြင်းအကြောင်းစုံကို (ရာဇသင်္ကြံ) စာအုပ်တွင်
သရုပ်ဖော်ထားသည်။

mgyoe.com

mgyoe.com



ဥပါလိသိမ်တော်အတွင်းရှိ နံရံဆေးရုပ်များအနက်မှ ကြည့်ကွက်တစ်ကွက်

mgyoe.com

mgyoe.com



ကုန်းတော်ကြီးဘုရားပုံ


mgyoe.com



ပုဂံပြည် မြင်းပုဂံအရပ်မှ တူးဖော်ရရှိသော တမယ်(ဓမ္မိလ)
အက္ခရာရေးကျောက်စာ

mgyoe.com

mgyoe.com



အာနန္ဒာစေတီ အထက်ပစ္စယာအဆင့်ရှိ မြန်မာခြင်္သေ့ရုပ်များ


mgyoe.com

mgyoe.com



နတ်လှောင်ကျောင်းမှ ဗုဒ္ဓအဝတာရရုပ်တု

mgyoe.com



ပုဂံကိုဖြတ်ကျော်၍ ဧရာဝတီအတွင်း စုန်ဆန်သွားလာသူတို့ လောကနန္ဒာစေတီအား ဤသို့ဖူးမြင်ရသည်။

mgyoe.com
mgyoe.com

mgyoe.com



ဓမ္မာရုံကြီးအတွင်းရှိ ရုပ်ပွားတော်ကြီး
လက်ဖဝါးတော်နှစ်ဖက်စလုံး လှန်ထားသည်ကို သတိပြုပါ။

mgyoe.com

mgyoe.com



ပုဂံပြတိုက်ရှိ လက်လေးဖက်နှင့် သိဝကျောက်ရုပ်လုံး။

ပမာဏမှာ အရွယ်တော်လူလုံးရုပ်သဏ္ဍာန်အတိုင်းပင်ဖြစ်သည်။

ဤစာအုပ်တွင် ပြထားသော အချို့ကျောက်ရုပ်လုံးတို့၌ ဝတ်ဆင်ထားသော ခါးဝတ်(ပုဆိုး) အနေအထားချင်း သတိပြု နှိုင်းယှဉ်ပြုကြည့်ပါရန်။

mgyoe.com



ကုန်းတော်ကြီးဘုရားနှင့် မနီးမဝေးရှိ သကျမုနိဘုရား

mgyoe.com
mgyoe.com



ဖိနပ်တော်ကျွယ်လွန်း၍ စေတီကို ချုံတည်လိုက်သဖြင့် ကျန်နေသော ရွှေစည်းခုံ ပန္နက်တိုင်ကြီး


mgyoe.com
mgyoe.com



သဗ္ဗညုစေတီအတွင်းမှ မှန်ဦးဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သော်

mgyoe.com


mgyoe.com



မြန်မာအက္ခရာနှင့်ပတ်သက်၍ တွေ့ရသမျှတွင် ရှေးအကျဆုံးဟု
ယူဆထားကြသော လက်သည်းရှည်ဘုရားကျောက်စာ

mgyoe.com

mgyoe.com



မနူဟာ၏အနွယ်တော်တစ်ဦးဖြစ်သော အနန္တသူရိယအား
ဤထီးလိုမင်းလိုဘုရား၊ ဒါယကာ ဘုရင်၏ နမတော်နှင့်
ထိမ်းမြားပေးခဲ့သည်။


mgyoe.com



နတ်သမီးကမ်းပါးခေါ် မြစ်ကမ်းပါးတစ်လျှောက်တွင် ဤသို့သော ဥမင်အုတ်ဂူပျက်များတွေ့ရသည်။

mgyoe.com
mgyoe.com

mgyoe.com




ဤရွှေစည်းခုံဘုရားသို့ မနူဟာမင်းအား
ရေစက်ချ၍ အနော်ရထာမင်းက လှူခဲ့သည်။

mgyoe.com



အာနန္ဒာလိုဏ်ဂူအတွင်းရှိ ကျန်စစ်မင်းကြီး ကျောက်ရုပ်လုံး


mgyoe.com



ပုဂံရောက် သထုံဘုရင်၏ ကောင်းမှုတော် မနူဟာဘုရားကျောင်း

mgyoe.com
mgyoe.com


mgyoe.com



အာနန္ဒာဘုရားအရှေ့ဘက်ယာအတွင်းမှ တူးဖော်ရရှိသော မြေတမာကူအိုး


mgyoe.com

mgyoe.com




သီရိပစ္စယာမှ တူးဖော်ရရှိသော ကြေးကရား

mgyoe.com




မြစေတီကျောက်စာတိုင်မှ မြန်မာအက္ခရာဘက် မျက်နှာ

mgyoe.com



ပုဂံဘုရားများအနက် အထူးသဖြင့် ခံ့ညားထည်ဝါကြီးမားလှသော
အလောင်းစည်သူမင်းကြီးကောင်းမှု တိုက်ခံ သဗ္ဗညုစေတီ။

mgyoe.com
mgyoe.com



မဟာရံတံတိုင်းအပြင်ဘက်မှ အာနန္ဒာစေတီကို မုခ်ဦးစေတီ အုတ်စောင်းတန်းနှင့်တကွ ဤသို့ဖူးမြင်ရသည်။

mgyoe.com
mgyoe.com

mgyoe.com


စာပေ အနုပညာ စသည်နှင့် အတူတကွ ဖြစ်သော ယဉ်ကျေးမှုသည်လည်း မြန်မာပီသလှလေသည်”။

“မြန်မာပြည်၌ ရှေးဦးစွာ နေထိုင်ကြသူများနှင့် အမျိုးအနွယ်တူညီကြလေသည်။ တိဗက်နှင့် ယူနန်ပြည်၊ တောင်ထူထပ်ရာ ဒေသများမှ မောင်းဂွတ်မျိုးနွယ် လူမျိုးစုများသည် ခရစ်တော်မပေါ်မီ ရာစုနှစ်များ *ကုန်ဆုံးလုနီး အချိန်ကာလ အတွင်းက မြန်မာပြည်သို့ စတင်ဝင်ရောက်လာကြလေသည်။ ထိုဝင်လာသော လူမျိုးစုတို့မှာ ကရင်၊ မွန်၊ တိဗက်၊ မြန်မာခေါ် ပျူ–ကမ်းရန်နှင့် သက်များ ဖြစ်၍ နောက်ထပ်ရှမ်း၊ ချင်း၊ ကချင်များလည်း အစဉ်လိုက် အသီးသီး ဝင်လာကြသည်”။

“အိန္ဒိယပြည်ကြီးအား အရိယန်လူမျိုးတို့ သိမ်းပိုက်အုပ်စိုးမှုသည် မြန်မာပြည်အားလည်း ဂယက်ရိုက်ခြင်းကို ဖြစ်ပေါ် ခံယူစေလေသည်။ ထိုအိန္ဒိယပြည်သား အရိယန်လူမျိုးများသည် ခရစ်မပေါ်မီ လေးရာစုနှစ်တွင် အိန္ဒိယပြည် အရပ်ရပ်သို့ တိုးချဲ့ ဝင်ရောက်ကြပြီး မင်းနေပြည်များ အနှံ့အပြား တည်ထောင်ကြလေသည်။ စော်ဘွားများ၊ မင်းများတစ်ဦးနှင့် တစ်ဦး တန်ခိုးအာဏာ ယှဉ်ပြိုင်ကြရာ၌ အနိုင်မရသူ အရိယန်မင်းသားများသည် မြန်မာပြည်တွင်းသို့ ကုန်လမ်း၊ ရေလမ်းမှ ရွေ့ပြောင်းဝင်ရောက်လာကြသည်။ ထို့နောက် တကောင်း၊ ဝေသာလီ၊ ဓညဝတီ၊ သရေခေတ္တရာ၊ ပုဂံ၊ သထုံ စသော မင်းနေပြည်တော်များ တည်ထောင်ကြသည်။”

“ထို အရိယန် အမျိုးသားများသည် ၎င်းတို့နှင့်အတူ ယေဘုယျ

---

* ယခု ခရစ် ၁၉၅၆ ခုနှစ်သည် ခရစ်တော် ဖွားပြီးမှ စတင် မှတ်သား ရေတွက်သော နှစ် ဖြစ်သည်။ ခရစ်တော် မပေါ်မီ ကုန်ဆုံးလုနီး ရာစုနှစ်များ ဆိုသောကြောင့် မြန်မာပြည်တွင်းသို့ မောင်းဂွတ်နွယ် လူမျိုးစုများ စတင် ဝင်ရောက်ခဲ့သော နှစ်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ (နှစ်ထောင်) ကျော်ကပင် ဖြစ်ကြောင်း သိမှတ်ကြရာသည်။

mgyoe.com

အားဖြင့် ဟိန္ဒူ ဓမ္မသတ်နှင့် ဓလေ့ထုံးစံများ သာသနာနှင့် ယဉ်ကျေးမှု အနုပညာနှင့်တကွ စကြဝဠာတေးမင်း သဘောအယူအဆများကိုပါ ဆောင်ကြဉ်းခဲ့ကြလေသည်။ မြန်မာလူမျိုးတို့၏ အစဉ်အလာ ယုံကြည်မှုမှာလည်း သူတို့သည် လူမျိုးတစ်မျိုးအနေဖြင့် မဇ္ဈိမ သို့မဟုတ် မဒယဒေသမှ လာရောက်ကြသူများပင် ဖြစ်သည်။ မဒယ ဒေသ ဆိုသည်မှာ ဂင်္ဂါနှင့် ယမုံနာ မြစ်နှစ်သွယ်အကြား နယ်မြေဒေသပင် ဖြစ်သည်။ ၎င်းပြင် သူတို့သည် ဗုဒ္ဓဂေါတမ ထွန်းကားရာ စကြာ (သကျ) လူမျိုးစုတွင် အပါအဝင်ဖြစ်သော လူမျိုးများဖြစ်သည်ဟု ယုံကြည်ကြလေသည်။ ထိုအစဉ်အလာ ယုံကြည်ချက်သည် အမှန်ပင် မြန်မာပြည်၏ မင်း၊ မိဖုရား ဘုရင်များ မိသားစုတို့နှင့် သက်ဆိုင်နေလေသည်။ သူတို့၏ ဗြဟ္မဏ ဘာသာ သာသနာရေးရာ ဆရာကြီးများ အခြွေအရံများသည်လည်း မြန်မာအမျိုးသမီးများနှင့် အိမ်ထောင်ပြုခြင်းအားဖြင့် တဖြည်းဖြည်း မြန်မာများ ဖြစ်သွားကြရလေသည်။"

"ခရစ်တော်ပေါ်ပြီး ၉ ရာစုနှစ်လယ်လောက်တွင် *ပုဂံနေပြည်တော်ကို တည်ထောင်လေသည်။ ထိုပုဂံပြည်တွင်ပင် မြန်မာလူမျိုးဟူ၍ ခေါ်သော လူမျိုးတစ်မျိုး အတိအကျ ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့လေသည်။ အစကနဦး မြန်မာ့ယဉ်ကျေးမှု ပေါ်ထွန်းရာ ဌာနသည်လည်း ပုဂံပင် ဖြစ်လေသည်" စသည်ဖြင့် ပါမောက္ခ ဒေဗိုင်းက ရေးသားဖော်ပြလေသည်။

မြန်မာရာဇဝင်နှင့် စာပေကျမ်းဂန် အများအပြားပင် အင်းဝခေတ်တွင် ပေါ်ထွက်ခဲ့လေသည်။ မြန်မာလူမျိုး ဟူသော ဝေါဟာရကို ပုဂံမတည်မီ အထက်အခါက အကြောင်းအရာတို့ ရေးသားရာတွင် ဖော်ပြပါရှိသည်ဟု မကြားမသိ မတွေ့ရဖူးချေ။ အမှန်အားဖြင့်လည်း သရေ

* သရပါ တံခါးပေါက်ကို ယနေ့တိုင် တွေ့မြင်နေရသေးသော ပျဉ်ပြားမင်း တည်သည့် တံခါး ၁၂ ပေါက်နှင့် ပုဂံမြို့ကို ဆိုလိုခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


ခေတ္တရာတွင် ပျူတို့ ကြီးစိုးပြီးနောက် ထိုပြည်နှင့် ထိုလူမျိုးတို့ ပျောက်ကွယ်သွားပြီးမှသာ မြန်မာလူမျိုးတို့ ပေါ်ပေါက်ရကား "မြန်မာလူမျိုး အစ ပျူနှင့်ပုဂံက" ဟူသော နောက်ထပ် ဆောင်ပုဒ်အသစ်ကို ပုဂံခေတ် ယဉ်ကျေးမှု အမှာစကားချပ်ကဲ့သို့ ဖော်ပြ ရေးသားအပ်ပါသတည်း။

mgyoe.com

mgyoe.com

# ကြိုယ်ကြာကြိ ၁

ခရစ် ၁၉၅၄ ခုနှစ် နှစ်ဆန်းစက ရွှေတိဂုံ အနောက်မုခ် ရှေ့ဝင်းကျယ်ကြီးအတွင်း ခင်းကျင်းပြသသော ပြပွဲသို့ ကျွန်ုပ်တို့ သွားရောက် ကြည့်ရှုရာတွင် စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းပစ္စည်းများ ယခင်အထက် ပြပွဲများထက် စုံလင်များပြားစွာ ပြသထားသည်ကို တွေ့ရလေသည်။ ကျောက်စာဌာန ပြခန်းကား ကျွန်ုပ်တို့အဖို့ စိတ်အဝင်စားဆုံးပင် ဖြစ်သောကြောင့် လေးငါးကြိမ်ထက်မနည်း သွားရောက် ကြည့်ရှုမိသည်။ "မဏိအာဒါသ ကြေးမုံမြဝယ် မုခနိမိတ် မျက်နှာရိပ်သို့ မမှိတ်မသုန် ရှုလင့်ကုန်" ဟူသော လင်္ကာတစ်ပုဒ်ကို ကျွန်ုပ်တို့သည် ကျောက်စာ ပြတိုက်ခန်းအတွင်းမှ ဓာတ်ပုံတစ်ပုံကို ကြည့်မြင်ရသည်တွင် အလိုလို ရွတ်ဆိုမိတော့သည်။ အဆိုပါ ဓာတ်ပုံတွင် မြင်ရသော သဏ္ဌာန်သည်ကား ယပ်တောင်ဝိုင်းပမာ ဝတ္ထုပစ္စည်းပင် ဖြစ်လေသည်။ အညွှန်းစာအုပ်ငယ်တွင် မိတ္ထီလာခရိုင် ဘုရားပျက်တစ်ဆူမှ တူးဖော်ရရှိသော ကြေးမုံ ဟူ၍ ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ကြေးမုံ ဟူသည်ကား ကြည့်မှန်မပေါ်မီ ခေတ်ကာလက မှန်ကဲ့သို့ ကြည့်ရှုရန် အသုံးပြုသော ကြေးပြားဝိုင်းပင် ဖြစ်သည်။ ထိုကြေးပြားကို အညစ်အကြေး အဖုအထစ် ကင်းစင်ပြောင်ချောစေရန် ပွတ်တိုက်အရောင်တင်ထားလျှင် မိမိ ကိုယ်ရိပ်ကို ယခုခေတ် ကြည့်မှန်တွင် ရှုမြင်ရသကဲ့သို့ပင် မြင်ရသည်။ ကြေးမုံကို မြန်မာနိုင်ငံ၌ မည်သည့်ခေတ်

mgyoe.com

mgyoe.com


က စတင် သုံးစွဲသည် မည်သည့်နိုင်ငံမှ မည်သည့်လူမျိုးတို့က ပထမ ယူဆောင်လာသည် သို့မဟုတ် တိုင်းရင်းသားတို့ စိတ်ကူးကြံဆ ပြုလုပ် သည် စသော အချက်အလက်များကို ကျွန်ုပ်တို့ စူးစမ်းရှာဖွေ မရသေး ချေ။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀ ကျော် (ခရစ်မပေါ်မီနှစ် ၁၅၇၀ ခန့်လောက်က) အီဂျစ်ပြည်တွင် ကြေးမုံကို အသုံးပြုနေပြီ ဖြစ် ကြောင်းကိုမူကား အီဂျစ်ပြည်၌ တူးဖော် တွေ့ရှိခဲ့ပြီးသော သင်္ချိုင်းတော် ကြီးများအတွင်းက ရရှိသည့် ကြေးမုံက သက်သေခံလျက် ရှိနေလေ သည်။

ဤပစ္စည်းကို အမျိုးသားပြတိုက်ကြီး တည်ထောင်ဖွင့်လှစ်ပြီး သောအခါ ဓာတ်ပုံအစား ဝတ္ထုပစ္စည်းအတိုင်း ရှုမြင်ခွင့်ရကြမည်ဖြစ်၍ ကြည့်ရှုလေ့လာသူတို့အဖို့ ပိုမိုစိတ်ဝင်စားဖွယ်ရာ ကောင်းပေလိမ့်မည်။ ယခုမူကား အာသာပြေရုံ ဓာတ်ပုံမျှကိုသာ ကျွန်ုပ်တို့ ကြည့်ရှုခွင့် ရကြ ပေသေးသည်။ ထို့ကြောင့်လည်း ပရိသတ်သည် ထိုပစ္စည်းများကို ကြည့်ရှု လေ့လာဖွယ် မြန်မာ့ယဉ်ကျေးမှု တစ်ခုကဲ့သို့ သဘောမထားတတ်ကြ ဘဲ ကျော်လွှားသွားကြသည်ကို တွေ့ခဲ့ရသည်။

မြေကရား နှုတ်သီးပါသော ကရား ကြေးကရား စသော စာ ခေါင်းစဉ်ဖြင့် ဓာတ်ပုံတချို့ကိုလည်း ပြပွဲလာ ပရိသတ်သည် သတိမမူ ဂူမမြင် ဟူဘိသကဲ့သို့ အထက်နည်းပင် အမှတ်မထင် ကျော်လွှား ကြည့်ရှု သွားကြသည်ကို တွေ့မြင်ခဲ့ရသေးသည်။ ကျွန်ုပ်တို့အဖို့ကား ထို ကရား ဆိုသော ဓာတ်ပုံတွင် ပါသည့် ပစ္စည်းဝတ္ထု၏ အသုံးပြုမှုကို သတ္တုချ ကြည့်နေမိခဲ့သည်။ ရာဇဝင်နှင့် ရှေးဟောင်းပစ္စည်းတွင် စိတ်ပါ ဝင်စားလေ့ ရှိသောကြောင့်လည်း ပုဂံနှင့် မှော်ဇာမှ တူးဖော်ရရှိသော အဆိုပါ ကရားများသည် လူ့အသုံးအဆောင်တွင် အဘယ်စခန်းကနေ၍ အမှုထမ်းသော ကရားပေနည်းဟုလည်း တွေးပြီး ကြည့်မိသည်။

ပုဂံပြည်ဟောင်းနှင့် သရေခေတ္တရာပြည်ဟောင်း နေရာများမှ

mgyoe.com

mgyoe.com


တူးဖော်ရရှိသည် ဆိုသောကြောင့် ထိုကရားများသည် ပုဂံနှင့် သရေခေတ္တရာပြည် ကောင်းစားစဉ်က နေထိုင်ကြသူတို့၏ လူသုံးပစ္စည်းတစ်ရပ်ဖြစ်သည်ကိုကား ယုံမှားသံသယ ဖြစ်နေဖွယ်ရာမလိုချေ။ သို့ရာတွင် ထိုပစ္စည်းသည် ပျူ-မြန်မာတို့၏ အသုံးအဆောင်လော ပျူ-မြန်မာတို့၏ အသုံးအဆောင်ဖြစ်က မည်သည့်ကိစ္စအတွက် အသုံးချရသော ပစ္စည်းအသုံးအဆောင်မျိုးပေနည်းဟု တွေးတောကြံဆရန် ဆန္ဒပေါ်လာမိသည်။

မြန်မာ့ အသုံးအဆောင်တွင် လက်ဖက်ရည်ကြမ်းအိုးသည် နှုတ်သီးပါသော ကရားတစ်မျိုး ဖြစ်ကြောင်း တွေ့မြင် သုံးစွဲနေကြသည်ဖြစ်ရာ ယနေ့ လက်ဖက်ရည်ကြမ်းအိုး ပုံသဏ္ဌာန်မျိုးသို့ မပြောင်းလဲမီအခါက အဆိုပါကရားမျိုးကို စတင် သုံးစွဲကြလေသလောဟု တွေးတောရန် ရှိသည်။ အကြောင်းကား မြန်မာသုံး ရေတကောင်းအိုးနှင့် လုံးဝ စပ်ဟပ်၍ မရသောကြောင့် လက်ဖက်ရည်ကြမ်းအိုး၏ အစများလေလောဟု တွေးတောကြည့်လိုခြင်း ဖြစ်သည်။

ဓာတ်ပုံဖြင့် ပြလိုက်သော နှုတ်သီးနှင့် ကြေးကရားကို ကြည့်လျှင် လက်ကိုင်ကိုင်း မပါကြောင်း တွေ့ရပေလိမ့်မည်။ လက်ကိုင်ကိုင်း မပါသော နှုတ်သီးနှင့် ကရားမျိုးကို ရှေးရိုးစဉ်ဆက် သုံးစွဲလာသည်ဟူ၍ကား မြန်မာအမျိုးသားတို့၏ အိမ်သုံးပစ္စည်းရပ်တို့တွင် အထပ်ထပ် စူးစမ်းရှာဖွေသော်လည်း မကြားမသိ၊ မတွေ့မမြင်ရ ဖြစ်လေသည်။ ပုဂံ ကူနီဘုရား အလှူတော်စာရင်း ကျောက်စာတွင် (ကြိယ်ကြာကြိ ၁)၊ "ကြေးကရားကြီးတစ်" ဟု ပါရှိသော်လည်း ရှေးဘုရား နံရံများရှိ ရေးခြယ်ထားသော ရုပ်ပုံများတွင် လည်းကောင်း၊ ဘုရားတန်ဆောင်း ဂူကျောင်းတို့ရှိ ပန်းပုများတွင် လည်းကောင်း မတွေ့မမြင်ရချေ။ သို့ဖြစ်သောကြောင့် အဆိုပါ နှုတ်သီးနှင့် ကြေးကရားဟု အမည်တပ်ထားသော ပစ္စည်းသည် ရှေး ပျူ-မြန်မာ မြို့ဟောင်းနေရာများမှ တူးဖော်ရရှိ

mgyoe.com

mgyoe.com


စေကာမူ မြန်မာသုံးပစ္စည်းမှ ဟုတ်ပါလေစ ဟူ၍ တွေးတော သံသယ ဖြစ်ဖွယ်ရှိလာသည်။

မြန်မာ အသုံးအဆောင် မဟုတ် ဟူ၍ သံသယဖြစ်လျှင် မည်သည့် လူမျိုးတို့၏ အသုံးအဆောင် ဖြစ်သင့်သနည်း။ ထိုပြဿနာကို ဖြေရှင်း နိုင်ရန် အကြောင်းရှာရပေလိမ့်မည်။ ကျွန်ုပ်တို့ အဖို့ကား ကုလားလူမျိုး တို့ အသုံးပြုကြသော (လိုတာ) အိုး ဟူ၍ပင် ယူဆချင်သည်၊ ဆိုချင် သည်။ လိုတာအိုး ဟူသည်ကား အိန္ဒိယတိုင်းသား အမျိုးသားတို့ အိမ်သာ တက်သောအခါ အသုံးပြုရန် ရေထည့်သော အိုးငယ် ဖြစ်သည်။ ငယ် သောအိုးကို လိုတာဟု ကုလားဘာသာ ခေါ်ဆိုသည်။ မျက်နှာသစ်ရာ တွင်လည်း ထိုအိုးကိုပင် သုံးကြသည်ကို မြို့နေသူတို့ မြင်ဖူးကြပေလိမ့် မည်။

သမုတိရာဇ် မင်းကြီးသည် ရွာ ၁၉ ရွာကို စုပေါင်း၍ ပြည်သစ် တည်ထောင်သော်လည်း အနော်ရထာမင်းကြီး လက်ထက် ရောက်ခါမှ သာ ပုဂံပြည် ကြီးကျယ်ခဲ့သည်ကို ရာဇဝင်လိုက်စားသူများ အသိ ဖြစ် သည်။ ပုဂံ နေပြည်တော် ကြီးကျယ် စည်ကားလာသော အနော်ရထာ မင်းကြီး လက်ထက်တွင် နိုင်ငံခြားနှင့် ဆက်ဆံမှုလည်း တိုးတက်နေပြီ ဖြစ်ရာ နေပြည်တော်တွင် ကုလား၊ တရုတ် စသော လူမျိုးစုံတို့ ကုန်စည် ကူးသန်းမှုမှစ၍ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည်အတိုင်း ထိုထိုလူမျိုးတို့၏ အသုံးအဆောင်များလည်း မကင်းမကွာ ပါလာကြ မည် မုချဖြစ်တော့သည်။

ပုဂံခေတ် ရာဇဝင်တစ်လျှောက်လုံးကို ပြန်လှန်သုံးသပ်လျှင် တရုတ် ထက် ကုလားက ပိုမိုများပြားစွာ ဆက်ဆံမှုရှိကြောင်း သက်သေခံ အထောက်အထား အမြောက်အမြား တွေ့ရပေသည်။ ယနေ့ ပုဂံသို့ သွား ကြည့်လျှင် တွေ့နေရသော နတ်လှောင်ကျောင်းသည် ဟိန္ဒူ ကုလားတို့ ၏ ဘုရားရှိခိုးကျောင်းပင် ဖြစ်သည်။ ဗိသနိုး၊ သိဝတို့၏ ရုပ်တုများ

mgyoe.com

mgyoe.com

ထား၍ ကိုးကွယ်ခဲ့ကြသော ကျောင်းဖြစ်ရာ အနော်ရထာမင်းကြီး မတိုင်မီ ထိုသဘောမျိုး ပါဝင်သည့် ရုပ်တုများ ကိုးကွယ်သည့် တောင်သူကြီး မင်း လက်ထက်ကပင် ကုလားများ ရှိနေပြီမှာ ထင်ရှားလှတော့သည်။ တကောင်းခေတ်၊ သရေခေတ္တရာခေတ်မှစ၍လည်း ကုလားနှင့် ဆက်ဆံ မှုရှိခဲ့ရာ ကြီးကျယ်သော ပုဂံခေတ်သို့ ရောက်သောအခါ ပိုမို တိုးတက် လာရမည်မှာလည်း အခါအခွင့်နှင့် ပတ်ဝန်းကျင်သဘော သဘာဝအတိုင်း ပင်ဖြစ်သည်။ ထို့ကြောင့်လည်း "တောင်တွင်းမှန်၊ ကတူးရေဦးမှန်၊ ကသည်း ရမည်းသင်းမှန်၊ ရှမ်း ပုဂံမှန် ကုလား" ဟု ရှေးစကားတစ်ရပ် ပြောခဲ့ကြဟန်တူပေသည်။ ပုဂံ ကျောက်စာ အချို့တွင် (ကုလားပန်တျာ) ဆိုသော ဝေါဟာရ ပါသည်ကိုလည်း သတိပြုရန်ဖြစ်သည်။

ပုဂံနှင့် ကုလား ဆက်ဆံမှု မည်မျှ တိုးတက်များပြားသည်ကို ရာဇဝင်ကပင် သက်သေခံနေပေသည်။ အနော်ရထာမင်းကြီး လက်ထက် ကုလားနှင့် ဆက်ဆံမှုကို အကြောင်းပြု၍ ရာဇဝင်တွင် အလွန်လျှင် ထင်ရှားသော မင်းတစ်ပါးကိုလည်း ပေါ်ပေါက်ထွန်းကားစေခဲ့သည်။ ထိုမင်းကား မြန်မာတိုင်း ကြားဖူးသော ကျန်စစ်သားမင်းပင် ဖြစ်သည်။ ဤကျန်စစ်မင်း၏ မယ်တော်ကား ဝေသာလီဘုရင်၏ သမီးတော် ဖြစ် ၏။

ဝေသာလီပြည်ကား ယခုအဘယ်အရပ်တွင် တည်ရှိလေမည်နည်း။ အချို့က အာသံပြည်တွင် ရှိသည်ဟု ဆိုကြသည်။ အချို့က ရခိုင်ပြည် တွင်ဟု ယူဆကြသည်။ ဦးကုလားရေး မဟာရာဇဝင်ကမူ မဇ္ဈိမတိုင်း ဝေသာလီပြည်ဟု ဆိုသည်။ ကျောက်စာ ပညာရှင်ကြီး ဖော့ကမားက လည်း အိန္ဒိယပြည် (BESARH) အရပ်သည် ဝေသာလီပြည် ဖြစ်ကြောင်း ဆိုသည်။ ထိုအဆိုတို့တွင် များရာ လိုက်သော် ဝေသာလီပြည်သည် အိန္ဒိယနိုင်ငံတော်ကြီး၌ပင် တည်ရှိသည် ဖြစ်သောကြောင့် ကျန်စစ်မင်း

mgyoe.com

mgyoe.com


ကြီး၏ မယ်တော်သည် ကုလားမင်းသမီး အစစ်အမှန် ဖြစ်ရကား ကျန်စစ်မင်းကြီးလည်း ကုလား မြန်မာ ကပြားပင် ဖြစ်တော့သည်။

အနော်ရထာမင်းကြီး၏ သူရဲကောင်းများတွင် ရွှေဖျဉ်းညီနောင်နှင့် ၎င်းတို့၏ ဖခင် ပသီ ကုလားလူမျိုး တစ်ဦးလည်း ပါဝင်သည်။ ရွှေဖျဉ်းညီနောင်ကား ကုလားသူရဲကောင်းနှင့် ပုပ္ပားသူတို့မှ ဖွားမြင်သူများဖြစ်ရာ ၎င်းတို့လည်း ကုလားမြန်မာ ကပြားပင် ဖြစ်ကြသည်။ ထို့ကြောင့်လည်း ရွှေဖျဉ်းညီနောင်အား နတ်အဖြစ် ပူဇော်ပသကြသူ ဆည်းကပ်ကြသူများသည် ဝက်သားကို ရှောင်ကြဉ်ကြရခြင်း ဖြစ်သည်။

ရှင်ဘုရင်တွင်လည်း ထိပ်သီး နတ်တွင်လည်း အထင်ရှားဆုံး ဖြစ်နေသော အဆိုပါ ပုဂ္ဂိုလ်များသည် ပုဂံပြည်တွင် အသက်ရှင်နေကြရစဉ်က ၎င်းတို့၏ အသုံးအဆောင်တွင် မျိုးရိုးအလိုက် စရိုက်အားလျော်စွာ လိုတာအိုးများ မထားမရှိ မသုံးမစွဲဟု တထစ်ချ ပြောဆိုရန် ခဲယဉ်းလှသည်။ ပုဂံမှ တူးဖော်ရရှိထားသည့် "ဟူးကား" ခေါ် ကုလားဆေးရှူသည့် တမာကူအိုးအားဖြင့်လည်း သက်သေထူနိုင်ပေသေးသည်။ ကပြားဖြစ်သူတို့ အသုံးမပြုဟုဆိုလိုက ဆိုနိုင်စေကာမူ ရွှေဖျဉ်းညီနောင်၏ ဖခင်နှင့် ကျန်စစ်မင်းကြီး၏ မယ်တော်ကဲ့သို့သော ကုလားအစစ်မျိုးအတွက်မူ ဟူးကားနှင့် လိုတာအိုးကို မသုံးစွဲဘဲနေမည် မဟုတ်ကြောင်းမှာ အထူးစစ်တမ်း ထုတ်နေဖွယ်ရာပင် မလိုတော့ချေ။

ကျန်စစ်သား ထွက်ပြေးရာ၌ ကုလားခြေလျှင် ခုနစ်ယောက်ကို လိုက်သတ်စေသည်ဟု လည်းကောင်း၊ ပဲခူးသို့ ချီရာတွင် ကုလားခြေလျှင် ရှစ်ကျိပ်ပါသည်ဟု လည်းကောင်း ရာဇဝင်ပါ စကားကို ထောက်လျှင် အနော်ရထာမင်းကြီးထံတွင် ဟူးကားနှင့် လိုတာအိုး သုံးသောကုလားအမှုထမ်းများ အတန်များများပင် ရှိနေမည်မှာလည်း ယုံမှားဖွယ်ရာ မရှိသင့်ချေ။ ဘင်္ဂလားပြည်သို့လည်း ကိုယ်တိုင် တိုင်းခန်းလှည့်လည်တော်မူသေးရာ အပြန်တွင် ကုလားမည်မျှ ပါလာမည်ကိုလည်း စဉ်းစား

mgyoe.com

mgyoe.com


ကြည့်သင့်သည်။ အထူးသဖြင့် *ဓမ္မရာဇိကဘုရား ကျောက်စာတွင် ဘုရားကျွန်အဖြစ် ကုလားကျွန် ငါးရာ လှူကြောင်း ပါရှိသည်ကိုလည်း မမေ့သင့်ချေ။ ကုလား ငါးရာမျှ ကျွန်အဖြစ် လှူဒါန်းနိုင်ခြင်းသည်ပင် ပုဂံပြည်၌ ကုလားများ မည်မျှလောက် ရောက်ရှိနေမည်ကို ချင့်ချိန်နိုင်ဖွယ်ရာကောင်းလှသည်။

ကျန်စစ်မင်းကြီးသည် သမီးတော် ရွှေအိမ်စည်နှင့် ပဋိက္ကရား ကုလားမင်းသားတို့ စုလျားရစ်ပတ် လက်ထပ် ဆောင်နှင်းရန် အကြောင်း အမတ်ကြီးများနှင့် တိုင်ပင်တော်မူခြင်းသည် ကုလားမြန်မာ ဆက်ဆံမှု၌ မည်မျှအလေးပြုကြောင်း ထင်ရှားစေသော စကားတစ်ရပ် ဖြစ်သည်။ "ဘုန်းကြီးသော အရှင့်သမီးတော်ကို ပဋိက္ကရားမင်း၏ သားနှင့် စုံဖက်တော်မူသော် ရှည်သဖြင့် ကုလားပြည် ဖြစ်လေတော့မည်" ဟူသော မှူးမတ်များ၏ တင်လျှောက်ချက်သည်ကား ပုဂံပြည်၌ ကုလားများ (ဝါ) ကုလားမြန်မာ ကပြားများ မည်မျှ တိုးပွားများပြားစွာ ရှိနေပြီဖြစ်ကြောင်း နိမိတ်ပြစကားပင် ဖြစ်တော့သည်။

အလောင်းစည်သူမင်းကြီးသည် ပဋိက္ကရားမင်း၏ သမီးတော် ကုလားမင်းသမီးအား ပဘာဝတီ အမည်ဖြင့် မိဖုရားငယ်အဖြစ် မြှောက်စားတော်မူသည်။ မင်းကြီး နတ်ရွာစံ၍ သားတော် နရသူ နန်းတက်ရာတွင်လည်း ၎င်းကုလားမင်းသမီးကိုပင် မြှောက်စားပြန်သည်။ သို့ရာတွင် နရသူသည် အိမ်သာတက်သောအခါ သန့်သက်ရေ မယူမသုံးသည်ကို ကုလားမင်းသမီး သိမြင်လျှင် ရွံရှာသည်ဆို၍ မင်းကြီးအနီး မချဉ်းမကပ် နေသည်။ နရသူမင်းလည်း ဒေါသအမျက်ထွက်ကာ လက်စွဲတော် သန်လျက်ဖြင့် ခုတ်သောကြောင့် အနိစ္စရောက်ရရှာသည်။ ထို

---

* ပုဂံပြည် ဓမ္မရာဇိက ဘုရား ဘွဲ့တော်နှင့် တက္ကသိုလ်ပြည် ဓမ္မရာဇိကဘုရား ဘွဲ့တော် ထပ်တူဖြစ်နေခြင်းမှာ အကြောင်း အထွေအထူး ရှိ မရှိ ကျွန်ုပ်တို့ မလေ့လာရသေးချေ။

mgyoe.com

mgyoe.com



အကြောင်းကို ပဋိက္ကရား* ကုလားမင်းကြားလျှင် ကုလားသူရဲကောင်း ရှစ်ယောက် စေလွှတ်၍ လုပ်ကြံစေရာ ကုလားဓားချက်ဖြင့် နရသူမင်း ကြီး ကံကုန်တော်မူရလေသည်။ ရာဇဝင်တွင် ကုလားကျမင်းဟု ရေး တင်ခြင်းခံရသော မင်းပင်တည်း။

ဘုရင်နှင့် မိဖုရား အသတ်ခံရသည့် အကြောင်းရင်းကား အိမ်သာ တက်ရာတွင် ရေကို အသုံးမပြုမှုပင် ဖြစ်သည်။ ဤသည်ကို ထောက်၍ နရသူမင်း၏ ခမည်းတော် အလောင်းစည်သူမင်းကြီးနှင့် မိဖုရားသည် လိုတာအိုး သုံးစွဲသည်ဟု ဆိုနိုင်လေသည်။ တစ်နည်းအားဖြင့် ပုဂံနန်း တော်၊ အိမ်တော်များ၌ပင် ထိုသို့သော ရေသုံးစွဲမှု အကျင့်သည် ရှိနေပြီ ဖြစ်၍ ကုလားအများရှိသော ပုဂံပြည်မှာ လိုတာအိုး သုံးစွဲခြင်း လုံးဝမရှိ ဟု မဆိုသာတော့ချေ။ ထို့ကြောင့် ကျွန်ုပ်တို့ ယခု ဖော်ပြလိုက်သော ဓာတ်ပုံပါ ဝတ္ထုပစ္စည်းသည် (ဝါ) သိရိပစ္စယာ ပုဂံပြည်က တူးဖော်ရရှိ သော နှုတ်သီးနှင့် ကြေးကရားသည် မြန်မာ့အသုံးအဆောင် ဖြစ်ရမည် ထက် ကုလားအသုံးအဆောင် တည်းဟူသော လိုတာအိုးသာလျှင် ဖြစ် သင့်တော့သည်ဟု ထင်မြင် ယူဆရန်အကြောင်း ရာခိုင်နှုန်း ၉၉ ဒသမ ၉ ကောင်းလျက် ရှိတော့သတည်း။

---

* အရှေ့ ပါကစ္စတန်ခေါ် ဘင်္ဂလားပြည် အရှေ့ပိုင်းရှိ တစ်ပါရာ စီရင်စုအတွင်း ပေ ၄၀ မှ အချို့နေရာတွင် ပေတစ်ရာခန့် မြင့်သော အလျား ၁၀ မိုင်ခန့်ရှိ လာမယ် အမည်ရှိသော ကုန်းပြင်တွင် ပုဂံခေတ် ပဋိက္ကရား နေပြည်တော် တည်ရှိကြောင်းကို ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက စစ်အတွက် မြေကတုတ်ကျင်းများ တူးဖော်ရာမှ တွေ့ရှိရသော ဝတ္ထုပစ္စည်း အထောက်အထားများအရ သိရှိရပေသည်။ အကျယ်ကို ပါကစ္စတန်ပြည် ဗုဒ္ဓသာသနာ စာအုပ်တွင် ကြည့်ရှုနိုင်သည်။

mgyoe.com

mgyoe.com

## ၂ – ဗူးစေတီနှင့် ပုဂံပြည်

“ပုဂံအစ ဗူးဘုရားက” ဟူ၍ ဆောင်ပုဒ်လုပ်ရမည် ဖြစ်သော ပုဂံ ဧရာဝတီ မြစ်ကမ်းနဖူးပေါ်၌ တည်ရှိနေသည့် စေတီမြတ်အား ပျပ်ဝပ်ခညောင်း လက်ဆယ်ချောင်းဖြင့် ဦးခေါင်းထက်တင် ဤသို့ ကန်တော့ပန်းဆင် လိုက်သည်။

“ပဥ္စနေမိတ္တဌာနန္တိစ ပေါက်ပင်စသား ငါးပါး အတိတ် မြို့တည် ကြောင်း နိမိတ်တို့၏ တည်ရာဌာန ဟူ၍ လည်းကောင်း (ဝါ) ပေါက်ပင် ကျိုးရိုင်း ဥဗျိုင်း ဖွတ် ဖား ငါးပါးဂုဏ်ဟိတ် မြို့တည်ကြောင်း နိမိတ်တို့ ၏ တည်ရာဌာန ဟူ၍ လည်းကောင်း အလာ့ဗုရေဟာန္တိစ၊ ဗူးမင်း ယမူ စဉ် ရှေးခင်က ဘူးပင်ပေါက်ရာ ဌာန ဟူ၍ လည်းကောင်း၊ သမ္မတေ ရှေးကလူများ ထင်ရှားပညတ် သမုတ်အပ်သော ဌာနေ မြို့၏ အနောက် မြောက်ထောင့်ရောက်ရာ မြစ်သာကမ်းထိပ် ရေဆိပ် ရစ်ဝဲ ကုန်းပွဲရေပွဲ နွဲ့ရာယင်ရာ မဟာရဟာ မြတ်သော နေရာတော်၌ ဌပိတံ ရှူးပျံ၊ ဗူးဝက် ကျားငှက် ငါးတန် ငါးပါးရန်ကို တွန်းလှန်ဖြိုခွင်း စောထီးမင်းသည် ကြည်ခြင်းသဒ္ဓါ စေတနာဖြင့် ကောင်းစွာ တည်ထားတော်မူအပ်သော စေတျံ မွေသရီဓာတ် ကိန်းဝပ် စံပယ် တင့်တယ်ကွန့်မြူး အထူးကျော် ကြား ဗူးဘုရားဟု ထင်ရှားသညာ စေတီတော်မြတ် ရတနာကို အဟံ ရပ်နာမ်နှစ်ဖြာ ခန္ဓာသမုတ် အကျွန်ုပ်သည် မုဒ္ဓနာ ကိုယ်အင်္ဂါတွင် အမြတ် တင်သည့် ဥတ္တမင်္ဂ ဌာနရပ်ထူး မြတ်သောဦးဖြင့် အာဒရံ ဂရု ဂါရဝ

mgyoe.com

mgyoe.com


သကစ္စမျိုး ရိုကျိုးစေတနာ လေးမြတ်စွာဖြင့် ဝန္ဒေဝန္ဒာမိ သဒ္ဒါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။"

မန္တလေးမြဲတောင် ဆရာတော်ဘုရားကြီး ရေးစီရင်တော်မူခဲ့သော အထက်ပါ ဂါထာပါဠိ အနက်ဖြင့် ဘိုးတော်ဘုရား လက်ထက်က တည် ဆောက် လှူဒါန်းခဲ့သည် ဆိုသော လဲပြိုလုမတတ် ယိမ်းယိုင်နေပြီဖြစ် သည့် အာရုံခံတန်ဆောင်း အတွင်းမှနေ၍ ကျွန်ုပ်တို့သည် တော်သလင်း လဆုတ် ၁၀ ရက် (၂၃–၉–၅၄) နေ့လယ်အချိန် နေပူရှိန်ပြင်းခိုက်၌ ဦးတိုက်ပူဇော်လျက် ရှိကြသတည်း။

"လှည်းဝင်ရိုးသံ တည်ညံ့ ပုဂံဘုရားပေါင်း" ဟူသည်နှင့်အညီ မြောက်မြားလှစွာသော စေတီပုထိုး၊ ဂူအမျိုးမျိုးတို့ တည်ထား ကိုးကွယ် ခဲ့ကြသည့် ပုဂံ နေပြည်တော်တွင် ဦးစွာအစ ပထမတည်ထား ကိုးကွယ် သည်ဟု ဆိုရမည်ဖြစ်သော ဖူးစေတီ၏ ဒါယကာသည်ကား ပျူစောထီး မင်းပင် ဖြစ်လေသည်။ ပျူစောထီးကား ပုဂံ ရာဇဝင်အစ ပထမမင်းဖြစ် သော သမုတိရာဇ်၏ သမက်တော် ပုဂံ ရာဇဝင်တွင် ခရစ် ၁၆၇ ခုနှစ်၌ တတိယမြောက် ဘုရင်ဖြစ်လာသော ခွန်အားဗလနှင့် ပြည့်စုံ၍ လေး အတတ် တစ်ဖက်ကမ်းရောက် တတ်မြောက်သူ ပုဂ္ဂိုလ်ထူးတစ်ဦးပင် ဖြစ်သည်။

သရေခေတ္တရာ ပြည်ကြီးသည် သုပဥ္ဇာ နဂရဆိန္နမင်း လက်ထက် ပျက်စီးတိမ်းယိမ်းသည်တွင် တူတော် မင်းသားတစ်ပါးသည် ၁–ညောင် ဦး (ညောင်ဦး) ၂–နဂါးဗိုလ် နဂါးဆိုင် (ပုဂံ) ၃–နဂါးကျစ် (နဂါးကျစ် မော်) ၄–မန်ကျည်းကြီ (ယခုမရှိ) ၅–တူတည် (စတယ်) ၆–ကျောက် စကား (သီရိပစ္စယာ) ၇–ကုတ်ကသိန် (ယခုမရှိ) ၈–ညောင်တန်း (ယခု မရှိ) ၉–အနုရာဓ (မြင်းကပါ) ၁၀–တန်ဆောင်ကွန် (ယခု မြင်းခြံနယ် မှာ ရှိ) ၁၁–ရွာမုံး (ရွာမိုင်း) ၁၂–ကြင်လို (ကျောက်ကန်ရွာအနီး နေရာ သာရှိသည်) ၁၃–ကုက္ကို (တောင်ခွင်) ၁၄–တောင်ဖ (တောင်ပ) ၁၅–

mgyoe.com

mgyoe.com

မြေသင်းတွင်း (မြေခဲတွင်း) ၁၆–သရက်ရ (ယခုမရှိ) ၁၇–စဉ့်ကူ (စဉ့်ကူ) ၁၈–ယုန်လွယ် (ယုန်လွတ်) ၁၉–ရွာစိုက် (ဘွားစောရွာ) တို့ကို အုပ်စီးသောသူကြီး ၁၉ ယောက်တို့ အပေါ်တွင် သမုတိရာဇ် အမည်ဖြင့် မင်းပြုသည်။ သမုတိရာဇ်မင်းမှစ၍ ပုဂံခေတ် တိုင်းသစ်ပြည်သစ် ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြစ်သည်။ အရိမဒ္ဒနာ ဟူ၍ကား ပျူစောထီး လက်ထက်တွင်မှ အစပြုသည် အရိမဒ္ဒနာ ဟူသော စကားကို ထောက်၍လည်း ထိုခေတ်ထိုအခါ မတိုင်မီကပင် သရေခေတ္တရာ စသော မြန်မာနိုင်ငံ၌ ပါဠိစာပေ ရောက်နေပြီဖြစ်ကြောင်း သိရှိနိုင်သည်။

ရွာ ၁၉ ရွာ သူကြီး ၁၉ ယောက်တို့ကို အုပ်ချုပ်၍ မင်းလုပ်ရသည် ဆိုသောကြောင့် ယခု ပြည်ထောင်စုခေတ် မြို့ပိုင်တစ်ဦး အုပ်ချုပ်ရသော မြို့နယ်တစ်နယ် စာမျှလောက်ပင် ကျယ်ဝန်းပါမည်လောဟု တွေးတောဖွယ်ရာ ဖြစ်သည်။ ထို့ကြောင့်လည်း ရှင်သီလဝံသထေရ်စီရင်တော်မူသော ရာဇဝင်ကျော်၌ "မြတ်စွာဘုရား လွန်ပြီး အနှစ် ၇၀၀ (ခုနစ်ရာ) စေ့သောအခါ အရိမဒ္ဒနာမည်သော ပုဂံပြည် ဖြစ်၏။ အနှစ် ၁၁၂၈ (တစ်ထောင့်တစ်ရာ့ နှစ်ဆယ့်ရှစ်နှစ်) တိုင်အောင် ပုဂံပြည်တည်၏။ မင်းကား ပျူမင်းထီးကစ၍ တရုတ်ပြေးမင်း တိုင်အောင် ငါးကျိပ်တည်း" ဟု ရေးသားတော်မူရာ ပျူစောထီးအရင် သမုတိရာဇ်မင်းနှင့်ရသေ့ကြောင်တို့ကို လည်းကောင်း၊ တရုတ်ပြေးမင်းနောက် ကျော်စွာစောနစ် စောမွန်နစ်တို့ကို လည်းကောင်း၊ ပုဂံ ရှင်ဘုရင် စာရင်းတွင် သွတ်သွင်းလိုဟန် မတူကြောင်း တွေးတောယူဆဖွယ်ရာ ဖြစ်သည်။

---

* ဤ (  ) လက်သည်းကွင်း အတွင်းရှိ အမည်များမှာ နောင် ထင်ရှားလာသော အမည်များ ဖြစ်သည်ဟု ရာဇဝံသဇာလီ ကျမ်းတွင် ဖော်ပြထားသည်။ မဏိရတနာပုံကျမ်းက နဂါးကျစ်ကို နဂါးကျည်၊ မကျည်းကြီကို မန်ကျည်၊ တူတည်ကို တုတ်ချောက်၊ ကုတ်ကဲသိန်ကို မုတသိန်၊ ရွာမုံး မပါ ၎င်းအစား ရှားပုတ် အမည်ပါသည်။ သရက်ရကို သရက်၊ စဉ့်ကူကို စဉ့်ကူးဟု ပြုသည်။

mgyoe.com

mgyoe.com


ရာဇဝံသဇာလိနီကျမ်းကမူ "ယုန်လွတ်ကျွန်းအရပ်၌ ရပ်တန့်၍ သူကြီးပေါင်း ၁၉၊ မြို့ပေါင်း ၇၈၊ ကျေးလက်ပေါင်း တစ်ထောင်ကျော်ကို အုပ်ချုပ်၍ တည်ထောင်စပြုရ၏။ သရေခေတ္တရာ ပျက်သည်ကစ၍ လူအပေါင်းတို့ မင်းဟူ၍ သမုတ်မြှောက်တင်သောကြောင့် သမုတိရာဇ် ဟူသော အမည်ကိုရသတည်း။ ထိုမင်းကား သစ်တပ်တည်၍ စံနေ၏။ မြို့ရိုး၊ ကျုံးမြောင်းမရှိ" ဟု ဖော်ပြထားရာ တိုင်းပြည်တစ်ပြည် ပျက်၍ တိုင်းပြည်တစ်ပြည် တောကြီးတောင်ကြီးကို ရှင်းလင်း အသစ်တည်ထောင်ရခြင်း ဖြစ်ရကား မြို့အင်္ဂါ မပြည့်စုံစေကာ အများဆန္ဒအရ မင်းအဖြစ် တင်မြှောက်ခြင်းလည်း ခံရသည်မှန်သောကြောင့် ပုဂံအစ သမုတိရာဇ်မင်းကဟု ရာဇဝင်ကြီးတို့တွင် ရှင်ဘုရင်စာရင်း တင်သွင်းမှတ်သားခြင်းသည် မြန်မာ့အလို လက်ခံဖွယ်ရာပင် ဖြစ်သည်ဟု ဆိုရချိမ့်မည်။

ပုဂံပြည်ကြီး စတင်ပေါ်ထွန်းရာ မူလဒေသသည် ယုန်လွတ်ကျွန်းဖြစ်ကြောင်း သိကြရပြီဖြစ်ရာ ကျွန်းဟူသော ဝေါဟာရကို ခွဲခြားသိမှတ်ရန် လိုအပ်ပေသည်။ ကျွန်းဟူသော မြန်မာဝေါဟာရတွင် အနက်အဓိပ္ပာယ် နှစ်မျိုး ထွက်လေသည်။ တစ်မျိုးမှာ ရေပတ်လည်ဝိုင်းထားသော ကုန်းမြေ ဖြစ်၍ အခြားတစ်မျိုးမှာ တောကြီးရာအရပ် ကုန်းမြေ ဖြစ်သည်။ ပုဂံခေတ်တွင် ကျွန်း ဟူသော ဝေါဟာရနှင့် တွဲဖက် သုံးနှုန်း၍ ရာဇဝင်ထင်ရှားသော ဒေသနှစ်ရပ်မှာ ယုန်လွတ်ကျွန်းနှင့် ပြည်တော်သာကျွန်း ဖြစ်သည်။ ယုန်လွတ်ကျွန်းကား ဧရာဝတီမြစ်မှ ၇ (ခုနစ်) မိုင်ကျော်ခန့် ကွာဝေး၍ တုရင်တောင်တန်း အရှေ့ဘက်အနီးတွင် တည်ရှိသော ထိုစဉ်က တောကြီးရာ အရပ်ဒေသဖြစ်သည်။ လယ်ယာလုပ်ရန် တောရှင်းသည်ကို ကျွန်းခုတ်သည် ဟူ၍ ခေါ်ဆိုကြသော ရှေးစကား သတိထားရန်ပင်။ ပြည်တော်သာကျွန်းကား မင်းလှမိကျောင်းရဲ့အောက် ဧရာဝတီမြစ်အတွင်းရှိ အလျား တစ်မိုင်ကျော် ရှိမည်ထင်ရသော ယခု ကျွန်းတော်ဟု အများက ခေါ်ကြသည့် ရေပတ်လည်ဝိုင်းရာ ကုန်းမြေဒေသ

mgyoe.com

mgyoe.com


ဖြစ်သည်။ ရှေးစေတီပျက်များ ယခုတိုင် ကျွန်းပေါ်တွင် ဖူးတွေ့နိုင်သေးသည်။

"ရှုးပျံဖူးဝက် ကျားနှင့် ငှက်ကြောင့် ပျက်လုဘနန်း" ဟူ၍ ပလိပ်စား ချောင်းတွင် သီကုံးဖွဲ့ဆိုသည်နှင့်အညီ ယုန်လွတ်ကျွန်းကို အခြေခံပြု၍ တိုင်းပြည်သစ် တည်ထောင်သော သမုတိရာဇ်မင်း လက်ထက်၌ ဘေးအန္တရာယ်ကြီး ငါးရပ် ပေါ်ထွက်ခဲ့ရာ ပျူစောထီး လာရောက်နှိမ်နင်းမှ အောင်မြင်ရသည် ဆိုသောကြောင့် သမုတိရာဇ်မင်း၏ ဘုန်းလက်ရုံး အခြေအနေမှာ တစ်နည်းအားဖြင့် မရေမရာ ဖြစ်သွားရသည်။ မည်သို့ဖြစ်စေ ပျူစောထီး၏ ဂုဏ်သတင်းသည်ကား ပုဂံရာဇဝင်တွင် အစဦးစွာကပင် ကြီးမြင့်လာခြင်းကြောင့် သူရသတ္တိအကြံဉာဏ်နှင့် ပြည့်စုံသော ယောကျ်ားကောင်း မင်းတစ်ပါးအဖြစ် အသိအမှတ် ပြုကြရသည်။ ထိုမင်းသည် ပုဂံပြည်၏ ဦးစွာအစ ပထမ စေတီကို မိမိကိုယ်တိုင် နှိမ်နင်းအောင်မြင်သော ဘေးအန္တရာယ်ကြီးတစ်ခု၏ တည်ထွန်းပေါ်ပေါက်ခဲ့ရာ ဒေသ၌ ရန်အောင်ကြောင်း အထိမ်းအမှတ်အဖြစ် တည်ထားနိုင်ခဲ့ခြင်းမှာ ပုဂံခေတ် ပြည်တော် သာရေးနှင့် ဗုဒ္ဓသာသနာရေးဘက်က အထူးမှတ်သားဖွယ်ရာ ကောင်းသည့် အချက်တစ်ရပ်ပင် ဖြစ်သည်။

ပျူစောထီး၏ ဇာတိဇာစ်မြစ်မှာ အမျိုးမျိုးကွဲပြား ခြားနားကြောင်း စာဟောင်းများ၌ တွေ့ရသည်။ မြေခဲတွင်းရွာနေ သားသမီးမရှိ သက်ကြီးရွယ်ရင့်သော ပျူလူမျိုး လင်မယားတို့ မွေးစားသော စောထီးအမည်ရှိသူ ဖြစ်ကြောင်း၊ ပျူလူမျိုးက မွေးစားသောကြောင့် ပျူစောထီး ခေါ်ကြောင်း ဆိုသည်။

နေနတ်သားနှင့် နဂါးမ သင့်မြတ်၍ ပဋိသန္ဓေစွဲကပ်ကြောင်း၊ နေနတ်သား နဂါးမကို ပစ်သွားသောကြောင့် စိတ်နာ၍ မွေးဖွားသော ဥကို နဂါးမသည် ရေတွင်မျှောလိုက်ရာ ညောင်ဦးဆိပ်ကမ်းတွင် ပျူအို

mgyoe.com

mgyoe.com


လင်မယား ဆယ်ယူထားရာမှ ပျူစောထီးကို ပေါက်ဖွားကြောင်းနှင့် ဒဏ္ဍာရီဆန်ဆန် တစ်မျိုးဆိုပြန်သည်။

မှန်နန်းရာဇဝင် အလိုအားဖြင့်သော် ဝိဋ္ဋုပ္ပဘေးကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ထွက်ပြေးလာရသော ဇေရာဇာ မည်သော သာကီဝင်မင်းသည် ရှိနှင့်နေပြီးဖြစ်သော နာဂဆိန် မိဖုရားနှင့် စုံဖက်၍ ဒုတိယတကောင်းပြည်ကို တည်ထောင်သည်။ ထိုမင်းမှ ၁၇ ဆက်မြောက် သတိုးမဟာရာဇာ မင်းပြုသည်။ ထိုမင်း အနွယ်တော်ဖြစ်သော သတိုးအာဒိစ္စရာဇာမင်းသည် ပြည်ရွာ မငြိမ်သက်၍ ဆင်းရဲသားအသွင်ဖြင့် ဥယျာဉ်လုပ်ကိုင် အသက်မွေး၍ နေထိုင်စဉ် အချိန်အတွင်း ထိုမင်းမိဖုရားမှ ပျူစောထီးကို ဖွားရာ ၇ နှစ် အရွယ်ရောက်လျှင် ဆရာရသေ့ထံ အပ်ထား၍ အတတ်ပညာသင်စေသည်။ လေးအတတ်ကို အထူးသင်ပေးသည်။ မင်းဖြစ်အံ့သော လက္ခဏာကြန်အင်ကို မြင်၍ စောထီးဟု အမည်ပြောင်းလွဲ မှည့်ခေါ်သည်။ ၁၆ နှစ် အရွယ်ရောက်လျှင် ခမည်းတော် မယ်တော်တို့ကို ပန်ကြား၍၊ လေးမြားနှင့်တကွ ပုဂံပြည်သို့ လာပြီးသော် ပျူအိုလင်မယားကို အမှီပြု၍နေပြီးမှ ရန်သူအပေါင်းကို နှိမ်နင်းအောင်မြင်ရာ သမုတိရာဇ်မင်းက သမီးတော် စန္ဒာဒေဝီနှင့် ထိမ်းမြား၍ အိမ်ရှေ့အရာ အပ်နှင်းသည်ဟု ဆိုသည်။

ရှေးသူဟောင်းတို့ ဆိုသော စကားကို ကြားဖူးသည်ကား– ဤသို့တည်း ဟူ၍လည်း မြန်မာပညာရှိ ဦးဘော၏ မှတ်သားချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသေးသည်။

“ပျူစောထီးမင်း၏ ဖခင်သည်ကား မုဆိုးတည်း၊ မယ်တော်ကား တံငါသည်၏ သမီးတည်း။ နေနတ်သားနှင့် နဂါးမ ဆိုသည့်အလိုမှာ နေဟူသည် ယုဂန္ဓိုရ်တောင်ထိပ်၌ လှည့်လည်သည်။ မုဆိုးလည်း တောင်ရိုး၌ လှည့်လည်လေ့ရှိသည်ဖြစ်၍ မုဆိုးကို နေနတ်သား ဟူ၍ ဥပစာ

mgyoe.com